**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့ ထုတ်ပြန်ချက်

ရက်စွဲ။ ။ ဇွန်လ ၂၆ ရက်၊ ၂၀၁၈ ခုနှစ်

ဇွန်လ ၂၆ ရက်နေ့သည် ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့ ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)မှလည်း မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ ညှဉ်းပန်းနှိပ်စက်ခံရသူများဘက်မှ ရပ်တည်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးအတွက် ကြိုးပမ်းနေစဉ်ကာလတွင်း ကျဆုံးသွားခဲ့သူများအတွက်လည်း အမြဲအမှတ်ရနေဦးမည်ဖြစ်သည်။

အေအေပီပီသည် မြန်မာနိုင်ငံတွင်း ညှဉ်းပန်းနှိပ်စက်မှုများ ပပျောက်ရေးအတွက် ကာလကြာရှည်စွာ စည်းရုံးလှုံ့ဆော်လျှက်ရှိသည်။ အထူးသဖြင့် အကျဉ်းထောင်များတွင်းနှင့် ပဋိပက္ခများ ဖြစ်ပွားရာဒေသများတွင်း ဖြစ်သည်။ အေအေပီပီ၏ လုပ်ငန်းစဉ်များအနက်မှ တခုဖြစ်သော စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ ထောက်ပံ့ကူညီရေး အစီအစဉ် (MHAP)မှလည်း ညှဉ်းပန်းနှိပ်စက်ခြင်းခံနေကြရသူများ ၎င်းတို့၏ လူမှုပတ်ဝန်းကျင်တွင် ပြန်လည် ပေါင်းစည်းနိုင်ရေးအတွက် ဆောင်ရွက်လျှက်ရှိသည်။ ညှဉ်းပန်းနှိပ်စက်မှုသည် ထိခိုက်နစ်နာရသူတစ်ဦး တစ်ယောက်ပေါ်တွင်သာမက ၎င်းတို့၏ မိသားစု၊ အသိုင်းအဝိုင်းပေါ်တွင်လည်း သက်ရောက်မှုရှိသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ညှဉ်းပန်းနှိပ်စက်မှုများကို အမြန်ဆုံး အဆုံးသတ်ရန် အေအေပီပီမှ အစိုးရအား တိုက်တွန်းပြီး ညှဉ်းပန်းနှိပ်စက်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ပြန်လည်ကောင်းမွန်လာစေရန်အတွက် ၎င်းတို့အား လုံလောက်သော ပံ့ပိုးမှုများပေးပါရန် တောင်းဆိုပါသည်။ ညှဉ်းပန်းနှိပ်စက်မှုများကို အဆုံးသတ်ရန် အစိုးရမှ ဆောင်ရွက်သင့်သည့် နည်းလမ်းများစွာရှိသည်။

မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင်း အကျဉ်းသားများ ပြည့်သိပ်လျှက်ရှိသောကြောင့် အေအေပီပီမှ အကျဉ်းထောင်တွင်း လူဦးရေပြည့်သိပ်နေခြင်းသည် ညှဉ်းပန်းနှိပ်စက်သော ပုံစံတစ်မျိုးဖြစ်သည်ဟု သုံးသပ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC)မှလည်း အကျဉ်းထောင်များတွင်း လူဦးရေပြည့်သိပ်နေမှုများကို တွေ့ရှိခဲ့သည်။ အကျဉ်းထောင်တွင်း လူဦးရေ ပြည့်သိပ်နေခြင်းကြောင့်

အကျဉ်းသားများအတွက် နေရာထိုင်ခင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာ၊ ရေနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ကို ထိခိုက်စေသည့်ပြင် လူ့အခွင့်အရေးကိုလည်း တိုက်ရိုက် ချိုးဖောက်ခြင်းဖြစ်သည်။ အကျဉ်းထောင်တွင်း လူဦးရေ ပြည့်သိပ်နေခြင်းကို လျော့ချရန်နှင့် အကျဉ်းထောင်များ၏ အခြေအနေများ တိုးတက်မှုရှိစေရန် အစိုးရမှ အရိုးရှင်းဆုံးနှင့် အလွယ်ကူဆုံးသော နည်းလမ်းဖြစ်သော တရားစွဲဆိုခြင်းမပြုမီ ထိန်းသိမ်းထားသူများအနက်မှ အာမခံပေးသင့်သူများကို စောလျှင်စွာ ဆောင်ရွက်သင့်ပါသည်။

ထို့ပြင် ညှဉ်းပန်းနှိပ်စက်မှုများကို တားဆီးကာကွယ်နိုင်ရန် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ဆန့်ကျင်ရေး နိုင်ငံတကာ သဘောတူစာချုပ်(UNCAT)ကို လက်မှတ်ရေးထိုး အတည်ပြုပါရန် တိုက်တွန်းပါသည်။ အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုကို တားဆီးကာကွယ်ရန် ထိုသဘောတူစာချုပ်သည် အလွန်အသုံးဝင်သော ဥပဒေဆိုင်ရာ စာချုပ်တစ်ခုဖြစ်သည်။ ထိုသဘောတူစာချုပ်ကို ၁၉၈၅ ခုနှစ်တွင် အတည်ပြုခဲ့သော်လည်း မြန်မာအစိုးရသည် လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။ ထိုအခြင်းအရာသည် အကျဉ်းထောင်စနစ် အပါအဝင် မြန်မာနိုင်ငံတွင်း ဖြစ်ပွားလျှက်ရှိသော ပုံစံအမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများကို အဆုံးသတ်ရန် အဟန့်အတားတစ်ခုဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများဖြစ်သော လွှတ်တော်ကိုယ်စားလှယ် ၁၂၂ ဦးသည် ညှဉ်းပန်း နှိပ်စက်မှုများ၏ သက်ရောက်မှုများကို ကောင်းစွာ သိရှိနားလည်သင့်ပြီး ညှဉ်းပန်းနှိပ်စက်မှုများသည် အကျဉ်းထောင်တွင်း ဆက်လက်ရှိနေသည်ကိုလည်း ကောင်းစွာ သိရှိသင့်သည်။ ထို့ကြောင့် အေအေပီပီမှ ၎င်းတို့အား ညှဉ်းပန်းနှိပ်စက်မှုများ ပပျောက်စေရန်အတွက် ခိုင်မာသော ဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ပါရန် တောင်းဆိုပါသည်။ ထို့ပြင် ညှဉ်းပန်းနှိပ်စက်မှုကို အဆုံးသတ်နိုင်ရေးတွင် အသိပညာပေးမှုမြှင့်တင်ရေးသည်လည်း အဓိကကျသောကြောင့် အသိပညာပေးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ပါရန်လည်း တိုက်တွန်းပါသည်။

အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများသည် အလွန်စိုးရိမ်ဖွယ်ရာ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်သည်။ မည်သည့် ဒီမိုကရက်တစ်အဖွဲ့အစည်းတွင်မျှ ညှဉ်းပန်းနှိပ်စက်မှုကို ကျင့်သုံးခြင်းမရှိပါ။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းတွင် ညှဉ်းပန်းနှိပ်စက်မှုသည် ရှိမနေသင့်ပါ။

စည်းလုံးညီညွတ်မှုဖြင့် ညှဉ်းပန်းနှိပ်စက်မှုကို တိုက်ဖျက်ပါရန် တိုက်တွန်းပါသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

ဆက်သွယ်မေးမြန်းနိုင်ရန်

ဦးတိတ်နိုင်      အတွင်းရေးမှူး   +၆၆(၀)၈၁ ၂၈၇၈၇၅၁

ဦးအောင်မျိုးကျော်  ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀)၄၂၈၁၁ ၇၃၄၈